ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ( ၃၄ ) ၊ နေပြည်တော်

ဖုန်း- ၀၆၇ - ၄၁၀၁၅၂ ၊ ၄၁၀၅၆၄ ၊ ဖက်(စ်) - ၀၆၇- ၄၁၀၅၆၅ ၊ အီးမေးလ်- ins.frd.gov.mm, Website: www.frd.gov.mm

ညွှန်ကြားလွှာအမှတ် (၂/၂၀၁၉)
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ် ဇူလိုင်လ ၂ ရက်)

## အသက်အာမခံအမျိုးအစားများနှင့် အထွေထွေအာမခံအမျိုးအစားများ ခွဲခြားသတ်မှတ်ခြင်းကိစ္စ

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် (ပုံမှန်) အစည်းအဝေး (၂/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်အရ အာမခံကုမ္ပဏီများအနေဖြင့် အသက်အာမခံအမျိုးအစားများနှင့် အထွေထွေအာမခံအမျိုးအစားများကို ခွဲခြားလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသက်အာမခံအမျိုးအစားများကို ပူးတွဲဇယား (၁) ဖြင့်လည်းကောင်း၊ အထွေထွေအာမခံအမျိုးအစားများကို ပူးတွဲဇယား (၂) ဖြင့်လည်းကောင်း၊ အသက်နှင့်အထွေထွေအာမခံလုပ်ငန်း (၂) ခုလုံးတွင် လုပ်ကိုင်ခွင့်ရမည့် အာမခံအမျိုးအစားများကို ပူးတွဲဇယား (၃) ဖြင့်လည်းကောင်း ခွဲခြား သတ်မှတ်လိုက်သည်။

၂။ သို့ဖြစ်ပါ၍ အာမခံကုမ္ပဏီများအနေဖြင့် ပူးတွဲဇယားများရှိ အာမခံအမျိုးအစားများအနက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီး မိမိလုပ်ငန်းနှင့်သက်ဆိုင်သည့် အာမခံမျိုးအစားများကိုသာ ခွဲခြား သတ်မှတ်ထားသည့်အတိုင်း ၂-၇-၂၀၁၉ ရက်နေ့မှစ၍ တိကျစွာ လိုက်နာ၍ လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

၂၊၇၊၁၉

ဥက္ကဋ္ဌ (ကိုယ်စား)
(ဒေါ်နိုင်၊ အတွင်းရေးမှူး)

မြန်မာ့အာမခံလုပ်ငန်း
ပုဂ္ဂလိကအသက်အာမခံကုမ္ပဏီများအားလုံး
ပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို
- ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန - သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအာမခံအသင်း
- ရုံးလက်ခံ

## ပူးတွဲဇယား(၁) အသက်အာမခံအမျိုးအစားများ

| စဉ် | အသက်အာမခံအမျိုးအစားများ | လုပ်ကိုင်ခွင့်ရှိသည့်အာမခံကုမ္ပဏီ | | မှတ်ချက် |
|---|---|---|---|---|
| | | မြန်မာ့အာမခံလုပ်ငန်း | ပုဂ္ဂလိက အသက်အာမခံ ကုမ္ပဏီများ | |
| ၁ | ငွေပင်ငွေရင်းအသက်အာမခံ (Endowment Life Insurance) | ✓ | ✓ | |
| | - ပြည်သူ့ဝန်ထမ်းအသက်အာမခံ (Government Services Personal Life Insurance) | ✓ | x | |
| | - တပ်မတော်သားအသက်အာမခံ (Army Personal Life Insurance) | ✓ | ✓ | |
| | - ပြည်သူပြည်သားအသက်အာမခံ (Public Life Insurance) | ✓ | ✓ | |
| | - နိုင်ငံ့ဝန်ထမ်းအသက်အာမခံ(ကာလတို) | ✓ | x | |
| | - နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ (Short Terms Endowment Life Insurance) | ✓ | ✓ | |
| | - ပညာရေးအသက်အာမခံ (Education Life Insurance) | ✓ | ✓ | |
| | - စာသင်သားအသက်အာမခံ (Student Life Insurance) | ✓ | ✓ | |
| ၂ | ကာလတိုအသက်အာမခံ (Term Life) | ✓ | ✓ | |
| | - စုပေါင်းအသက်အာမခံ (Group Life Insurance) | ✓ | ✓ | |
| | - သင်္ဘောသားအသက်အာမခံ (Seaman Life Insurance) | ✓ | x | ✓ |
| | - မြန်မာနိုင်ငံသား (တရားဝင်) ပြည်ပလုပ်သားအသက်အာမခံ (Shore Job Life Insurance) | ✓ | x | ✓ |
| | - မြွေအန္တရာယ်အသက်အာမခံ (Snake Bite Life Insurance) | ✓ | ✓ | |

| စဉ် | အသက်အာမခံအမျိုးအစားများ | လုပ်ကိုင်ခွင့်ရှိသည့်အာမခံကုမ္ပဏီ | | မှတ်ချက် |
|---|---|---|---|---|
| | | မြန်မာ့အာမခံလုပ်ငန်း | ပုဂ္ဂလိကအသက်အာမခံကုမ္ပဏီများ | |
| ၂ အဆက် | - အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအသက်အာမခံ (Sportsman Life Insurance) | ✓ | ✓ | |
| | - တောင်သူလယ်သမားအသက်အာမခံ (Farmer Life Insurance) | ✓ | ✓ | |

## ပူးတွဲဇယား (၂) အထွေထွေအာမခံအမျိုးအစားများ

| စဉ် | အထွေထွေအာမခံအမျိုးအစားများ | လုပ်ကိုင်ခွင့်ရှိသည့်အာမခံကုမ္ပဏီ | | မှတ်ချက် |
|---|---|---|---|---|
| | | မြန်မာ့အာမခံလုပ်ငန်း | ပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီများ | |
| ၁ | မော်တော်ယာဉ်အာမခံ (Motor Insurance) | ✓ | ✓ | |
| | - သူတစ်ပါးထိခိုက်မှုအာမခံ (Third Party Motor Liability Insurance) | ✓ | x | |
| | - အလုံးစုံမော်တော်ယာဉ်အာမခံ (Comprehensive Motor Insurance) | ✓ | ✓ | |
| ၂ | မီးနှင့်အပိုအန္တရာယ်အကာအကွယ်အာမခံ (Fire & Allied Perils Insurance) | ✓ | ✓ | |
| ၃ | ပြည်တွင်းရေကြောင်းကုန်ပစ္စည်းအာမခံ (Inland Marine Cargo Insurance) | ✓ | ✓ | |
| ၄ | ပြည်ပရေကြောင်းပို့ကုန်အာမခံ (Overseas Marine Cargo Insurance) | ✓ | ✓ | |
| ၅ | ရေယာဉ်ကိုယ်ထည်အာမခံ (Marine Hull Insurance) | ✓ | ✓ | |
| ၆ | လေကြောင်းအာမခံ (Aviation Insurance) | ✓ | x | |
| ၇ | ရေယာဉ်လုပ်ငန်းရှင်တာဝန်ရှိမှုအာမခံ (Ship Owner & Operator's Liability Insurance) | ✓ | x | |
| ၈ | ကျားဖောင်လုပ်ငန်းရှင်တာဝန်ရှိမှုအာမခံ (Tiger Fishing Barge Owner's Liability Insurance) | ✓ | x | |
| ၉ | ရေနံနှင့် သဘာဝဓါတ်ငွေ့အာမခံ (Oil & Gas Insurance) | ✓ | x | |

| စဉ် | အထွေထွေအာမခံအမျိုးအစားများ | လုပ်ကိုင်ခွင့်ရှိသည့်အာမခံကုမ္ပဏီ | | မှတ်ချက် |
|---|---|---|---|---|
| | | မြန်မာ့အာမခံလုပ်ငန်း | ပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီများ | |
| ၁၀ | ကန်ထရိုက်တာလုပ်ငန်းနှင့် စက်ပစ္စည်းများအာမခံ (Engineering Insurance) | ✓ | x | |
| | - ကန်ထရိုက်တာအလုံးစုံအန္တရာယ်အာမခံ (Contractor's All Risks Insurance) | ✓ | x | |
| | - တည်ဆောက်မှုအလုံးစုံအန္တရာယ်အာမခံ (Erection All Risks) | ✓ | x | |
| | - အီလက်ထရွန်းနစ်ပစ္စည်းအာမခံ (Electronic Equipment Insurance) | ✓ | x | |
| | - စက်ပစ္စည်းအာမခံ (Machinery Insurance) | ✓ | x | |
| ၁၁ | ငွေသားလုံခြုံမှုအာမခံ (Cash in Safe Insurance) | ✓ | ✓ | |
| ၁၂ | ငွေပို့ငွေသယ်အာမခံ (Cash in Transit Insurance) | ✓ | ✓ | |
| ၁၃ | သမာဓိအာမခံ (Fidelity Insurance) | ✓ | ✓ | |
| ၁၄ | အပ်ငွေအာမခံ (Deposit Insurance) | ✓ | x | |
| ၁၅ | ချေးငွေပေးဆပ်မှုပျက်ကွက်ခြင်းကို အကာအကွယ်ပေးသည့်အာမခံ (Credit Guarantee Insurance) | ✓ | x | |
| ၁၆ | အလုပ်သမားလျော်ကြေးအာမခံ (Workmen's Compensation Insurance) | ✓ | x | |
| ၁၇ | ပေးလျော်ရန်တာဝန်ရှိမှုအာမခံ(Comprehensive General Liability Insurance) | ✓ | x | |
| ၁၈ | မြေသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းရှင်တာဝန်ရှိမှုအာမခံ (Miner's Liability Insurance) | ✓ | x | |

ပူးတွဲဇယား (၃) အသက်နှင့် အထွေထွေအာမခံလုပ်ငန်း (၂) ခုလုံးတွင် လုပ်ကိုင်ခွင့်ရှိသည့် အာမခံအမျိုးအစားများ

| စဉ် | အသက်နှင့် အထွေထွေအာမခံလုပ်ငန်း (၂) ခုလုံးတွင် လုပ်ကိုင်ခွင့်ရှိသည့် အာမခံအမျိုးအစားများ | လုပ်ကိုင်ခွင့်ရှိသည့်အာမခံကုမ္ပဏီ | | မှတ်ချက် |
|---|---|---|---|---|
| | | မြန်မာ့အာမခံလုပ်ငန်း | ပုဂ္ဂလိက အထွေထွေအာမခံကုမ္ပဏီများ | |
| ၁ | ကိုယ်အင်္ဂါထိခိုက်မှုအာမခံ (Personal Accident Insurance) | ✓ | ✓ | |
| ၂ | ကျန်းမာရေးအာမခံ (Health Insurance) | ✓ | ✓ | |
| ၃ | ပြင်းထန်သောရောဂါကုသမှုအာမခံ (Critical Illness Insurance) | ✓ | ✓ | |
| ၄ | လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု အာမခံ (Micro Health Insurance) | ✓ | ✓ | |
| ၅ | ခရီးသွားအာမခံ (Travel Insurance) | ✓ | ✓ | |
| ၆ | အဝေးပြေးလမ်းမကြီးများဆိုင်ရာ အထူးခရီးသွားအာမခံ (Highway Express (Special) Travel Insurance) | ✓ | ✓ | |